MYANMAR WITNESS

A project by

OAKAR FELLOWSHIP

Myanmar Witness

# စီမံကိန်းတိုးချဲ့မှုကြောင့် အနီးဝန်းကျင်ရှိ ကျေးရွာများ အင်အားသုံး ရွှေ့ပြောင်းစေခြင်းနှင့်မီးရှို့ခံရခြင်း

# စီမံကိန်းတိုးချဲ့မှုကြောင့် အနီးဝန်းကျင်ရှိ ကျေးရွာများ အင်အားသုံး ရွှေ့ပြောင်းစေခြင်းနှင့် မီးရှို့ခံရခြင်း

ဝမ်ပေါင် ကြေးနီစီမံကိန်းအနီးဝန်းကျင်ရှိ ကျေးရွာများ မီးရှို့ခံရခြင်း

**REPORT BY MYANMAR WITNESS, 31 03 2025**

---

## အသေးစိတ်ဖြစ်စဉ်တင်ပြချက်

- ဖြစ်စဉ်ဖြစ်ပွားခဲ့သော အချိန်နှင့်နေ့ရက်။
  - ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလထိ
- ဖြစ်စဉ်၌ ပါဝင်ကျူးလွန်သည်ဟု သတ်မှတ်ခံရသူများ
  - စစ်ကောင်စီ (State Administrative Council - SAC)
  - စစ်ကောင်စီလေတပ် (Myanmar Air Force - MAF)
  - ပြည်သူ့ကာကွယ်ရေးတပ်မတော် (People's Defence Force - PDF)
- ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေရာ
  - စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်ရှိ ကျေးရွာ ၂၆ ရွာ။

| ကျေးရွာအမည် (မြန်မာ/အင်္ဂလိပ်) | ကိုသြဒီနိတ် |
|---|---|
| ထန်းတော / Htan Taw | 22.094869, 95.124076 |
| ဝါးတန်း / War Tan | 22.095899, 95.033241 |
| မိုးကြိုးပြင် (မြောက်)/ Moe Gyoe Pyin (North) | 22.065109, 95.050216 |

| | |
|---|---|
| ရေခါး (တောင်) / Yae Khar (South) | 21.996639, 95.081771 |
| ရေခါး (မြောက်) / Yae Khar (North) | 21.999750, 95.082656 |
| ဒူးထောက် / Du Htauk | 21.995359, 95.107559 |
| ထန်းဇင် / Htan Zin | 22.012840, 95.119049 |
| ဆားထုံး / Sar Htone | 21.991840, 95.116371 |
| လက်ပံကျွန်းကြီး / Let Pan Kyun Gyi | 21.983289, 95.11466 |
| တောကျောင်း (တောင်) / Taw Kyaung (South) | 21.975910, 95.116073 |
| တောကျောင်း (မြောက်)/ Taw Kyaung (North) | 21.978780, 95.11576 |
| ဘင်္ဂါး/ Bin Gar | 22.020299, 95.111297 |
| ဖောင်းကတာ (တောင်) / Hpaung Ka Tar (South) | 22.025199, 95.107566 |
| ဖောင်းတကာ (မြောက်) / Hpaung Ka Tar (North) | 22.030239,95.109291 |
| ကျောက်ဖြူတိုင် / Kyauk Hpyu Taing | 22.040790, 95.097122 |
| ကိုင်း / Kaing | 22.032590, 95.048843 |
| သာယာကုန်း/ Thar Yar Kone | 22.107700, 95.090202 |
| မိုးကြိုးပြင် (တောင်) / Moe Gyoe Pyin (South) | 22.056739, 95.054626 |
| တုံရွာသစ်/ Ton Ywar Thit/ | 22.052240, 95.127662 |
| မိုးကြိုးပြင် (အလယ်) / Moe Gyoe Pyin (Middle) | 22.05936, 95.055198 |
| ဆည်တဲ - ဇီးတော/ Se Te - Zee Taw | 22.046720, 95.090133 |
| ဝဲကွဲ / Wea Kwe | 22.037599, 95.137138 |
| ညောင်ပင်ကြီး/ Nyaung Pin Gyi | 22.098510, 95.120437 |

| | |
|---|---|
| ရွာရှည်/ Ywar Shey | 22.096109, 95.109176 |
| အောင်ချမ်းစီ/ Aung Chan Si | 22.100099, 95.104690 |
| ထန်းတောကြီး/ Htan Taw Gyi/ | 22.109359, 95.107986 |

---

## ၁။ အနှစ်ချုပ် အပြည့်အစုံ

Myanmar Witness မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ မှ ၂၀၂၃ ခုနှစ် စက်တင်ဘာလထိ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်ရှိ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပက်သက်သည့် ဖြစ်စဥ်များကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းတွင် တရုတ်နိုင်ငံပိုင် မြန်မာဝမ်ပေါင် ကုမ္ပဏီအနီးတွင် SAC နှင့် မြန်မာလေတပ်တို့ပါဝင်သည့် စစ်တပ်လှုပ်ရှားမှုများ ပိုမိုများပြားလာပြီး မီးရှို့မှုများ၊ မြေယာသိမ်းဆည်းမှုများ၊ အဓမ္မရွှေ့ပြောင်းစေမှုများ၊ လေကြောင်း တိုက်ခိုက်မှုများ ရှိလာခဲ့သည်။

Open-Source နည်းပညာများနှင့် တည်နေရာအတည်ပြုထားသည့် အသုံးပြုသူဖန်တီးထားသောအကြောင်းအရာ (UGC) ကို အသုံးပြု၍ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း လက်ပံတောင်းကြေးနီစီမံကိန်း အနီးရှိ ကျေးရွာပေါင်း ၂၁ ရွာခန့် မီးရှို့ခံရကြောင်း Myanmar Witness မှ အတည်ပြုခဲ့သည်။ တော်လှန်ရေးတပ်ဖွဲ့များမှ ဒေသတွင်း ရဲစခန်းတစ်ခုအား ဝင်ရောက်စီးနင်းမှုကြောင့် ၂၀၂၃ ခုနှစ် ဇွန်လတွင် ညောင်ပင်ကြီးကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း အသုံးပြုသူများမျှဝေသည့် ရုပ်သံများနှင့် ဂြိုလ်တုဓါတ်ပုံများဖြင့် အတည်ပြုခဲ့သည်။ [Myanmar Free Press](#) မှ ထုတ်လွှင့်ခဲ့သည့် ဗီဒီယိုတစ်ခုတွင် MI-35 ရဟတ်ယာဥ်တစင်းမှ ရွာအတွင်းတို့ ပစ်ခတ်နေသည်ကို တွေ့ရပြီး မြေပြင်အနေအထားများကို စစ်ဆေးကြည့်ရာတွင် မုံရွာမြို့နယ် ချင်းတွင်းမြစ်တဖက်ကမ်းတွင် ဖြစ်ကြောင်းအတည်ပြုနိုင်ခဲ့သည်။ [Mizzima](#) သတင်းအစီရင်ခံမှုတွင် အိမ် ၂၀၀ ကျော် ပျက်စီးသွားကြောင်းဖော်ပြထားပြီး Myanmar Witness အနေဖြင့် အိမ် အနည်းဆုံး ၁၈၁ လုံးပျက်စီးခဲ့ကြောင်း အတည်ပြုနိုင်သည်။

ဝက်မွေး-ကံတောရွာဖြစ်စဥ်မှ အဓမ္မရွှေ့ပြောင်းရမှုများကို ဖော်ပြနေသည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများတွင် SAC ၏ အကူအညီဖြင့် ဝမ်ပေါင်ကုမ္ပဏီမှ ခြစီးရိုးများ တဖြည်းဖြည်းခတ်ခဲ့ပြီး အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းမှုများ ဖြစ်ပွားခဲ့သည်ကို ဂြိုလ်တုဓါတ်ပုံများဖြင့် အတည်ပြုနိုင်ခဲ့သည်။ ခြံစည်းရိုးခတ်ခဲ့သည့် ဧရိယာကို Google Earth Pro မှ polygon tool ဖြင့် တိုင်းတာကြည့်ရာတွင် ၃၄၁ စတုရန်းကီလိုမီတာ (၈၄၂.၆ ဧက) ရှိသည်ကို တွေ့ရသည်။

ထိုဧရိယာအတွင်း၌ စစ်တပ်ကင်းစခန်းနှင့် ဆင်တူသည့် အဆောက်အအုံ ၅ ခုကိုလည်းတွေ့ရသည်။ SAC တပ်များမှ ၎င်းဧရိယာအတွင်း၌ တပ်စခန်း တည်ဆောက်ရန် ပြင်ဆင်နေကြောင်း၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် Ayeyarwaddy Times မှ ဖော်ပြခဲ့သည်။


ဤကဲ့သို့သော ဖြစ်စဉ်များသည် လက်ပံတောင်းတောင်စီမံကိန်းအနီး၌ အငြင်းပွားဖွယ်ရာ မြေယာပြဿနာများ၏ နောက်ဆက်တွဲဖြစ်ရပ်များဖြစ်သည်။ သတ္တုတူးဖော်မှု စတင်ခဲ့သည့် ၂၀၁၀ ခုနှစ်မှစပြီး အဓမ္မနှင်ထုတ်ခြင်းများရှိခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ဝမ်ပေါင်ကုမ္ပဏီမှ ကျေးရွာ လေးရွာမှ အိမ် ၁၄၁ လုံးနှင့် မြေဧက ၂၀၀၀ ကိုသိမ်းယူမည်ဟု ကြေညာခဲ့သော်လည်း အချိန်နှင့် မည်သို့လုပ်ဆောင်မည်ကို ဖော်ပြခြင်းမရှိခဲ့ပါ။ ၂၀၂၁ ခုနှစ် စီမံကိန်းတိုးချဲ့ရာတွင် တင်းမာမှုများ ပြန်လည်ဖြစ်ပေါ်လာခဲ့ပြီး လျော်ကြေးပေးရာတွင် နောက်ထပ် မကျေနပ်မှုများ ပိုဖြစ်လာခဲ့သည်။ လျော်ကြေးပေးရာတွင် ၁၈၉၄ မြေယာသိမ်းယူမှုဥပဒေမှ ခေတ်နှင့်လျော်ညီမှုမရှိသည့် မြေယာခွန်နှုန်းထားများဖြင့် ပေးခဲ့သောကြောင့် မကျေနပ်မှုများစွာဖြစ်ခဲ့သည့်ဟု ဒုက္ခတောင်တန်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

နောက်ထပ် တင်းမာမှုတစ်ခုအနေဖြင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် စစ်ကောင်စီသည် နိုင်ငံခြားကုမ္ပဏီများ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ချထားခွင့်ပြုသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ဆိုင်ရာဥပဒေကို အတည်ပြုခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ရန်ဟု ဖော်ပြထား သော်လည်း ဝမ်ပေါင်ကုမ္ပဏီမှ တရုတ်လက်နက်ကိုင်တပ်များ ခေါ်ဆောင်လာမည်ကို ဒေသခံများက စိုးရိမ်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံပဋိပက္ခအတွင်း နိုင်ငံခြားပါဝင်ပတ်သက်မှုနှင့် စီးပွားရေး နှင့်စစ်ရေးအကြား စည်းဘောင်မှုန်ဝါးလာမှုအပေါ် စိုးရိမ်မှုမြင့်တက်လာသည်။

Myanmar Witness မှ လက်ပံတောင်းတောင်စီမံကိန်းတိုးချဲ့မှု၊ မြေယာသိမ်းယူမှု၊ အတင်းအကြပ် နှင်ထုတ်မှု၊ နိုင်ငံခြားလက်နက်ကိုင်လုံခြုံရေးနှင့် စစ်တပ်အဆောက်အအုံများနှင့် ပတ်သက်ပြီး ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်သည်။ ဤစုံစမ်းစစ်ဆေးမှုမှ အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံ တွင် သယံဇာတတူးဖော်သည့် လုပ်ငန်းများသည် အကြမ်းဖက်မှုများ၊ နေရပ်စွန့်ခွာမှုများအပြင် နိုင်ငံတကာလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဆက်စပ်နေသည့်အထောက်အထားများကို ဖြည့်စွက် ဖော်ပြပေးပါသည်။

## တည်နေရာမြေပုံ

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်၊ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ တွင် တည်ရှိသည်။




Map: Myanmar Witness Oakar Fellowship • Created with Datawrapper

ပုံ ၁။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း တည်နေရာပြမြေပုံ

# မာတိကာ


အသေးစိတ်ဖြစ်စဉ်တင်ပြချက် 1
၁။ အနှစ်ချုပ် အပြည့်အစုံ 3
မာတိကာ 5
၂။ ဖြစ်စဉ်နောက်ခံနှင့် အကြောင်းအရာ 6
၃။ လက်ပံတောင်းတောင် အနီးမှ ရွာများမီးရှို့ခံရခြင်း 11
၃.၁ မီးလောင်သည့်ရက်စွဲနှင့် ကျေးရွာတည်နေရာ ကိုသြဒီနိတ်များ 12
၃.၂။ မီးလောင်သွားသည့် ကျေးရွာတည်နေရာ 14
၃.၃။ ဖြစ်စဉ်အချိန်ပြဇယား 15
၄။ သုတေသနနည်းနာ 16
၄.၁။ ကန့်သတ်ချက်များ 17
၅။ စုံစမ်းစစ်ဆေးခြင်း အဆင့်များ 17
၅.၁။ ဖြစ်စဉ်-(၁) ညောင်ပင်ကြီးရွာမီးရှို့ခံရခြင်းနှင့် လေကြောင်းတိုက်ခိုက်ခံရခြင်း 18
၅.၂။ ဖြစ်စဉ် (၂) မြန်မာ၀မ်ပေါင်ကုမ္ပဏီ အနီးအနားတွင် အဆောက်အအုံ အသေစ်များပေါ်လာခြင်း 25
၅.၃။ ဖြစ်စဉ်(၃) ဝက်မွေး - ကန်တောရွာကို ဖိအားပေး ဖယ်ရှားခြင်း 28
၆။ နိဂုံးချုပ် 35
၇။ အတိုကောက်အခေါ်အဝေါ်စာရင်း 36


# ၂။ ဖြစ်စဉ်နောက်ခံနှင့် အကြောင်းအရာ

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် မြန်မာနိုင်ငံအလယ်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်တွင် တည်ရှိသည်။ စီမံကိန်းကို စီမံခန့်ခွဲရန်အတွက် Myanmar Wanbao Mining Company Ltd.(MWMCL) ကို ၂၀၁၀ ခုနှစ် စက်တင်ဘာတွင် တည်ထောင်ခဲ့သည်။ မြေယာသိမ်းဆည်းမှု၊ အတင်းအကျပ်ပြောင်းရွှေ့မှုနှင့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု အကဲဖြတ်မှုများ မပြုလုပ်ခြင်းတို့ စွပ်စွဲချက်များကြားတွင် ၂၀၁၁ ခုနှစ်တွင် ဆောက်လုပ်ရေး လုပ်ငန်းများ စတင်ခဲ့သည်။

လက်ပံတောင်းတောင်တွင် ကြေးနီသတ္တုတူးဖော်သည့် လုပ်ငန်းကို ကနေဒါသတ္တုတွင်း ကုမ္ပဏီ ဖြစ်သော အိုင်ဗင်ဟိုး (Ivanhoe)နှင့် မြန်မာအစိုးရအားကိုယ်စားပြုသည့် အမှတ် (၁) သတ္တုတွင်း တို့အကြား ဖွဲ့စည်းထားသည့် ဖက်စပ်ကုမ္ပဏီက ၁၉၉၆ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့သည်။


စီးပွားရေးပိတ်ဆို့မှု ဖိအားများကြောင့် အိုင်ဗင်ဟိုးကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှု ထွက်ခွာခဲ့ပြီး လက်ပံတောင်း စီမံကိန်းကို ကုမ္ပဏီသစ် နှစ်ခုက ဝယ်ယူခဲ့သည်။

ထိုကုမ္ပဏီများမှာ ၁၉၉၀ ခုနှစ်တွင် တည်ထောင်သည့် မြန်မာစစ်တပ်နှင့် စပ်ဆက်မှုရှိသော မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် Union of Myanmar Economic Holdings Limited (UMEHL) နှင့် တရုတ်စစ်တပ်နှင့် ဆက်နွယ်သလို အစိုးရပိုင်လည်းဖြစ်သည့် တရုတ်မြောက်ပိုင်း စက်မှုလုပ်ငန်းကော်ပိုရေးရှင်း China North Industries Group Corporation (Norinco) မှပိုင်သည့် ဝမ်ပေါင်သတ္တုကုမ္ပဏီ (Wanbao Mining Ltd) တို့ ဖြစ်သည်။ Norinco သည် စစ်ဘက်ဆိုင်ရာ လက်နက်ထုတ်လုပ်ရေးနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းများကို လုပ်ကိုင်သည်ဟု ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလထုတ် အစီရင်ခံစာတစောင်တွင် ဖော်ပြထားသည်။

ဝမ်ပေါင်သတ္တုကုမ္ပဏီ (Wanbao Mining Ltd) လက်အောက်တွင် မြန်မာဝမ်ပေါင် ကြေးနီသတ္တုတွင်း လီမိတက် (မြန်မာဝမ်ပေါင်) Myanmar Wanbao Mining Copper Mining Limited "Myanmar Wanbao"နှင့် မြန်မာယန်စီ ကြေးနီလီမိတက် (မြန်မာယန်စီ) Myanmar Yang Tse Copper Limited (Myanmar Yang Tse) တို့ရှိပြီး မြန်မာဝမ်ပေါင်က လက်ပံတောင်းတောင်သတ္တုတွင်းနှင့် မြန်မာယန်စီက စံပယ်တောင်နှင့် ကြေးစင်တောင်တို့တွင် သတ္တုတူးဖော်သည်။

ပိုင်ဆိုင်မှု လွှဲပြောင်းသည့်အပိုင်း ပွင့်လင်းမြင်သာမှု မရှိသော်လည်း ထိုအချိန်က တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင် မြန်လာနိုင်ငံလာသည့် ၂၀၁၀ ခုနှစ်တွင် ပိုင်ဆိုင်မှု အပြောင်းအလဲ ဖြစ်ခဲ့သည်ဟု ကာနီဂျီ နိုရန်ပုံငွေအဖွဲ့၏ လုပ်ငန်းစီမံဆောင်ရွက်နေမှုများ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကြေးနီတူးဖော်မှုမှ ရရှိသည့် အကျိုးအမြတ်၏ ၄၉-ရာခိုင်နှုန်းကို ဝမ်ပေါင်နှင့် ဦးပိုင်ကုမ္ပဏီတို့က ရရှိပြီး မြန်မာအစိုးရကို ကိုယ်စားပြုသည့် အမှတ် (၁) သတ္တုတွင်းက ၅၁-ရာခိုင်နှုန်း ရရှိနေသည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ AMNESTY INTERNATIONAL - AI အဖွဲ့မှ ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်သည့် ဒုက္ခတောင်တန်း အစီရင်ခံစာ တွင်ဖော်ပြထားသည်။ ၂၀၁၁ ခုနှစ် မတ်လတွင် စီမံကိန်း တည်ဆောက်ရေး လုပ်ငန်းများစတင်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာတွင် စီမံကိန်း ယာယီရပ်ဆိုင်းခဲ့ရသည်။




ရင်းမြစ် - ဒုက္ခတောင်တန်း အစီရင်ခံစာ (၂၀၁၇)

ပုံ ၂။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီများ

# လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်း၏ အဓိကနေ့စွဲများ

**၁၉၉၆**
- ကနေဒါ သတ္တုတွင်းကုမ္ပဏီ အိုင်ဗင်ဟိုးသတ္တုတွင်း လီမိတက်၏ လက်ခွဲတစ်ခုဖြစ်သော အိုင်ဗင်ဟိုးမြန်မာ ဦးပိုင်လီမိတက်က မြန်မာ့သတ္တုလုပ်ငန်း အမှတ်(၁)နှင့် စီမံကိန်းကို စတင်ဖက်စပ်လုပ်ကိုင်သည်။

**၁၉၉၆ -၉၇**
- စံပါယ်တောင်နှင့် ကြေးစင်တောင် သတ္တုမိုင်းအတွက် အစိုးရက လယ်ယာများကို နိုင်ငံပိုင်ပြုလုပ်သည်။

**၂၀၁၀**
- မုံရွာစီမံကိန်းကို ဦးပိုင်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့က စတင်လုပ်ကိုင်သည်။

**၂၀၁၁**
- လက်ပံတောင်း သတ္တုတွင်းကို စတင်တူးဖော်လုပ်ကိုင်သည်။ သတ္တုတူးဖော်မှုအတွက် ဆောက်လုပ်ရေးနှင့် မြေသိမ်းလုပ်ငန်းကို စတင်ခဲ့သည်။

**၂၀၁၂**
- စီမံကိန်းကို ဆန့်ကျင်သည့် ပထမဆုံး အင်အားကြီးမားသည့် ဆန္ဒပြပွဲ ၂၀၁၂ မတ်လတွင် စတင်ဖြစ်ပွားခဲ့ပြီ ဩဂုတ်လတွင် အရှိန်မြင့်လာခဲ့သည်။နိုဝင်ဘာလတွင် စီမံကိန်း ယာယီရပ်ဆိုင်းခဲ့သည်။
- စီမံကိန်း၏ သက်ရောက်မှုကို လေ့လာစုံစမ်းရန် မြန်မာသမ္မတက လက်ပံတာင်းတောင် လေ့လာစုံစမ်းရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။

**၂၀၁၃**
- လက်ပံတာင်းတောင် လေ့လာစုံစမ်းရေး ကော်မရှင်က အစိုးရနှင့် ကုမ္ပဏီများ လုပ်ဆောင်ရန် အကြံပြုချက်များကို ထုတ်ပြန်ခဲ့သည်။ ကုမ္ပဏီများက ၄င်းတို့ သိမ်းယူခဲ့သော မြေများအတွက် ကာလပေါက်ဈေးနှင့် လျော်ကြေးပေးရန်၊ စီမံကိန်းကို ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ရန်၊ စီမံကိန်းကြောင့် ထိခိုက်ခံရသူများနှင့် ဆွေးနွေးညှိနှိုင်းရန် ကော်မရှင်က တိုက်တွန်းခဲ့သည်။
- စီမံကိန်းဆိုင်ရာ ဆောက်လုပ်ရေး လုပ်ငန်းများကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် ပြန်လည်စတင်ခဲ့သည်။

**၂၀၁၄**
- ၂၀၁၄ ဒီဇင်ဘာလတွင် ဒုတိယအကြိမ် အင်အားကြီးမားသော ဆန္ဒပြမှု၌ ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။
- သတ္တုတွင်း လုပ်ကွက်နေရာ တိုးချဲ့မှုကို ရပ်ဆိုင်းထားခဲ့သည်။

**၂၀၁၆**
- မြန်မာဝမ်ပေါင်က လက်ပံတောင်းတောင်တွင် ကြေးနီထုတ်လုပ်မှု စတင်သည့်အတွက် ထိခိုက်ခံရသော လူများက ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့သည်။
- လယ်ယာဧက ၂၀၀၀ နှင့် ရွာလေးရွာမှအိမ်ပေါင်း ၁၄၁ လုံးကို ရယူသိမ်းပိုက်ရန် ရည်ရွယ်ချက်ရှိသေးကြောင်း ကြေညာခဲ့သည်။

**၂၀၂၁**
- တချို့ရွာသားများ ရွှေ့ပြောင်းပေးရန် ငြင်းဆန်နေဆဲ ဖြစ်သော်လည်း ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် ပြန်လည်နေရာချထားမှုနှင့် မြေယာသိမ်းဆည်းမှုဆိုင်ရာ စည်းကမ်းချက်များအတွက် ဝမ်ပေါင်နှင့် ဆည်တဲ ကျေးရွာသားများ စေ့စပ်ညှိနှိုင်းမှု အပြီးသတ်ခဲ့သည်။

**၂၀၂၁၊ ဖေဖော်ဝါရီ**
- ၂၀၂၁ ခုနှစ်၊ဖေဖော်ဝါရီ အာဏာသိမ်းမှု အလုပ်သမားများ CDM လုပ်ရှားမှုတွင် ပါဝင်ခဲ့မှုကြောင့် စီမံကိန်း ရပ်နားခဲ့သော်လည်း မကြာမီ လုပ်ငန်းပြန်လည် လည်ပတ်ခဲ့သည်။

ရင်းမြစ်
- အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ထုတ်ပြန်သည့် ဒုက္ခတောင်တန်း အစီရင်ခံစာ (၂၀၁၇)
- ကာနီဂျီ နိုင်ငံတကာ ငြိမ်းချမ်းရေး ရန်ပုံငွေအဖွဲ့မှ ထုတ်ပြန်သည့် မြန်မာနိုင်ငံ၌ တရုတ်သတ္တုတွင်း ကုမ္ပဏီများ၏ လုပ်ငန်းစီမံဆောင်ရွက်နေမှုများ (၂၀၂၂)

ပုံ ၃။ ခုနှစ်အလိုက် ဖြစ်ပွားခဲ့သည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း မှတ်တမ်းများ

၂၀၁၂ ခုနှစ်၊ မတ်လတွင် ဒေသခံများမှ ကြေးနီတူးဖော်ရေး စီမံကိန်း ရပ်ဆိုင်းရေးဆန္ဒပြရန် စတင်ခဲ့ပြီး သပိတ်စခန်းများဖွင့်ခဲ့သည်။ သပိတ်စခန်း ၆ ခုကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၃ နာရီတွင် အာဏာပိုင်များက မျက်ရည်ယိုဗုံး၊ မီးလောင်ဗုံးသုံးပြီး ဖြိုခွင်းခဲ့သည်။ ထိုသို့ဖြိုခွင်းမှုကြောင့် သပိတ်စခန်းများအတွင်းရှိ သံဃာတော် အပါး ၂၀-ကျော်နှင့် လူပုဂ္ဂိုလ်တချို့ မီးလောင်ဒဏ်ရာများရရှိပြီး မုံရွာဆေးရုံကြီးတွင် ဆေးကုသခံယူခဲ့ကြရသည်။ ယင်းဖြိုခွဲမှုသည် အရပ်သား တစ်ဝက်၊ စစ်တပိုင်းအစိုးရလက်ထက် ပထမဆုံးအကြိမ် လူထုသပိတ်ကို အကြမ်းဖက် ဖြိုခွဲမှု ဖြစ်သည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် လုပ်ကွက်ဧရိယာတိုးချဲ့ရန် သီးနှံစိုက်ခင်းများကို မြေတူးစက်နှင့် ထိုးကော်ခဲ့ပြီး မြေယာလျော်ကြေး ရယူထားခြင်းမရှိသည့် ဒေသခံရွာသားများ ဆန္ဒပြရာကနေ ဝမ်ပေါင်ကုမ္ပဏီကို လုံခြုံရေးယူပေးထားသည့် ရဲတပ်ဖွဲ့၏ သေနက်နှင့် ပစ်ခတ်ဖြိုခွင်းမှုကြောင့် မိုးကြိုးပြင် (အလယ်) ရွာသူ ဒေါ်ခင်ဝင်း ဦးခေါင်း ကျည်ဆန်ထိမှန်ပြီး သေဆုံးခဲ့ပြီးနောက် သတ္တုတွင်းဧရိယာ တိုးချဲ့ခြင်းကို ရပ်ထားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ထို့နောက် ၂ နှစ်အကြာ ၂၀၁၆ ခုနှစ်၊ မေလတွင် မြန်မာဝမ်ပေါင် ကုမ္ပဏီက လက်ပံတောင်းတောင် သတ္တုတွင်းမှ ကြေးနီများ စတင်ထုတ်လုပ်နေပြီဖြစ်ကြောင်း ကြေညာပြီးနောက် ဆန္ဒပြပွဲများ ထပ်မံဖြစ်ပွားခဲ့သည်။ လက်ပံတောင်းတောင်နှင့် ပတ်သက်သည့် မြေယာသိမ်းယူသည့် ကိစ္စသည် ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည် အစိုးရလက်ထက် နှစ်ခုစလုံးတွင် အပြီးသတ်ညှိနှိုင်းဖြေရှင်းနိုင်ခဲ့ခြင်း မရှိသည့် ကိစ္စရပ်တစ်ခုဖြစ်သည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအတွက် လယ်ယာစိုက်ပျိုးမြေ ဧက ၅,၀၅၇ နှင့် စိုက်ပျိုးခြင်းမပြုသည့်အခြားမြေ ဧက ၂,၈၁၀ စုစုပေါင်း မြေ ဧက ၇,၈၆၇ ကို မြေနှင့် အခွန်ဥပဒေအရလည်းကောင်း၊ ၁၈၉၄ ခုနှစ်မြေသိမ်းဥပဒေအရလည်းကောင်း သိမ်းဆည်းခဲ့သည်ဟု လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကြောင့် ဒေသခံရွာသားများသည် မြေသိမ်းမှုများကြောင့် ဖိအားပေးရွှေ့ပြောင်းရွှေ့ခံခဲ့ရသလို စီမံကိန်းကို ကန့်ကွက်သည့် ဆန္ဒပြမှုများအတွင်း ထိခိုက်ဒဏ်ရာရမှုနှင့် လူသေဆုံးမှုများရှိခဲ့ပြီး ကြေးနီထုတ်ရန်သုံးသည့် ဆာလာဖျူရစ်အက်စစ်ကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် စိုက်ပျိုးသီးနှံပျက်စီးမှုများကို ဒေသခံများ ခံစားခဲ့ကြရသည်။

၂၀၂၁ ခုနှစ် စစ်တပ် အာဏာသိမ်းပြီးနောက်တွင် ဝမ်ပေါင်သတ္တုကုမ္ပဏီသည် စစ်ကောင်စီ၏ အကူအညီဖြင့် မြေသိမ်းမှုများ ဆက်လက်ပြုလုပ်ခဲ့သည်။ စီမံကိန်းအနီးအနားကျေးရွာကို စစ်ကောင်စီကစစ်ကြောင်းထိုးခြင်း၊ မီးရှို့ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ကို ဝမ်ပေါင်သတ္တုကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်လေ့ရှိသည်။ မြန်မာစစ်တပ်ကို ကူညီသော ဝမ်ပေါင်သတ္တုကုမ္ပဏီ (Wanbao Mining Ltd) နှင့် လက်အောက်ခံ အခွဲကုမ္ပဏီများဖြစ်သည့် မြန်မာဝမ်ပေါင် ကြေးနီသတ္တုတွင်း လီမိတက် (မြန်မာဝမ်ပေါင်) Myanmar Wanbao Mining Copper Mining Limited "Myanmar Wanbao"နှင့် မြန်မာယန်စီ ကြေးနီလီမိတက် (မြန်မာယန်စီ) Myanmar Yang Tse Copper Limited (Myanmar Yang Tse)တို့ကို အရေးယူပိတ်ဆို့ကြောင်း အမေရိကန် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည်။

စစ်ကောင်စီသည် ဝမ်ပေါင်သတ္တုကုမ္ပဏီ၏ အကူအညီဖြင့် စီမံကိန်းအနီးအနားက ကျေးရွာတွေကို လူ့အခွင့်အရေးချိုးဖောက် ညှင်းပန်းနှိပ်စက်မှုများကို ကျူးလွန်နေသလို စစ်ကောင်စီ၏ လုံခြုံရေး ပံ့ပိုးကူညီမှုဖြင့် ဝမ်ပေါင်သတ္တုကုမ္ပဏီက ဆက်လက်လည်ပတ်နေပြီး အငြင်းပွားနေဆဲ မြေသိမ်းမှုကို ချက်ခြင်းလက်ငင်းပင် အကောင်အထည်ဖော်နိုင်ခဲ့သည်အထိ အပြန်အလှန် အကျိုးပြုနေကြသည်။

---

## ၃။ လက်ပံတောင်းတောင် အနီးမှ ရွာများမီးရှို့ခံရခြင်း

Myanmar Witness သည် စစ်ကောင်စီမှ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အနီးအနားရှိ ကျေးရွာ များကို စစ်ကြောင်းထိုး နယ်မြေရှင်းလင်းခြင်း၊ ဝင်ရောက်စီးနင်းပြီး ကျေးရွာသားများကို ဖမ်းဆီး၊နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ လူနေအိမ်များကို မီးရှို့ခြင်း၊ လေကြောင်းမှ တိုက်ခိုက်ခြင်းတို့ကို ကျူးလွန်နေသည်ဟု UGC နှင့် သတင်းဌာနများ၏ ဖော်ပြချက်များကို လေ့လာစုံစမ်းခဲ့သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် စီမံကိန်းအနီးအနီးအနားရှိ ရွာ ၂၁ ရွာ မီးလောင်ခဲ့သည်ကို လေ့လာစုံစမ်း အတည်ပြုဖော်ထုတ်ခဲ့သည်။

စီမံကိန်းအတွင်း၌ စစ်ကောင်စီတပ်ဖွဲ့များ စခန်းချခြင်းနှင့် ၎င်းတို့၏လှုပ်ရှားမှုများကို UGC များအရ တွေ့မြင်ရသည်။ ၂၀၂၃ ခုနှစ်မှ စတင်ကာ စီမံကိန်းဝန်းကျင်၌ မြေနေရာများ တိုးချဲ့နေမှုများကို ဂြိုလ်တုဓါတ်ပုံများအရ တည်ပြုနိုင်ခဲ့သည်။ ယင်းအပြင် စီမံကိန်းဧရိယာအတွင်း၌ စခန်းချတပ်စွဲထားသော စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် အနီးဝန်းကျင်ရှိ ရွာ ၂၆ ရွာကို လှည့်ပတ်မီးရှို့ခြင်းကို လုပ်ဆောင်နေသည်ဟု RFA သတင်းဌာနတွင် ဖော်ပြထားပါသည်။

Myanmar Witness သည် စစ်ကောင်စီမှ ကျေးရွာများကို မီးရှို့သည့် ကိစ္စနှင့်ပတ်သက်ပြီး NASA ၏ Fire Information for Resource Management System (FIRMS)၊ Copernicus Sentinel-2 နှင့် Google Earth Pro၊ Apple Maps စသည့် Open Source Intelligence Tools များကို အသုံးပြုပြီး စီမံကိန်းအနီးအနားက ကျေးရွာ ၂၁ ရွာ ၌ မီးလောင်မှုများ ဖြစ်ပွားခဲ့သည်ကို အတည်ပြုနိုင်ခဲ့သည်(ပုံ-၅)။

ကျေးရွာမီးလောင်မှုများအနက် ကျေးရွာ ၁၅ ရွာ၌ မီးလောင်ခဲ့ခြင်းကို နေ့ရက်နှင့် တည်နေရာများအား အတည်ပြုနိုင်ခဲ့ပြီး ကျေးရွာ ၆ ၌ ဖြစ်ပွားခဲ့သော မီးလောင်မှုများတွင် အချိန် သို့မဟုတ် တည်နေရာ တစ်ခုကိုသာ အတည်ပြုနိုင်ခဲ့သည်။ သတင်းများနှင့် UGC များတွင် မီးလောင်သည်ဟု ဖော်ပြသော်လည်း OSINT နည်းပညာများဖြင့် မီးလောင်သည်ကို အတည်မပြုနိုင်သော ကျေးရွာ ၅ ရွာ ရှိသည်။

## ၃.၁ မီးလောင်သည့်ရက်စွဲနှင့် ကျေးရွာတည်နေရာ ကိုသြဒီနိတ်များ


| No. | Village Name in MM/ENG | Date of Fire | Coordinates | GEP | NASA FIRMS |
|---|---|---|---|---|---|
| 1 | ထန်းတော / Htan Taw | ၇ မတ် ၂၀၂၂ | 22.094869, 95.124076 | Yes | No |
| 2 | ဝါးတန်း / War Tan | ၂၆ မေ ၂၀၂၂ | 22.095899, 95.033241 | Yes | No |
| 3 | မိုးကြိုးပြင် (မြောက်)/ Moe Gyoe Pyin (North) | ၂၁ ဇွန် ၂၀၂၂ | 22.065109, 95.050216 | Yes | Yes |
| 4 | ရေခါး (တောင်) / Yae Khar (South) | ၂၈ ဇူလိုင် ၂၀၂၂ | 21.996639, 95.081771 | No | Yes |
| 5 | ရေခါး (မြောက်) / Yae Khar (North) | ၂၈ ဇူလိုင် ၂၀၂၂ | 21.999750, 95.082656 | No | Yes |
| 6 | ဒူးထောက် / Du Htauk | ၂၈ ဇူလိုင် ၂၀၂၂ | 21.995359, 95.107559 | Yes | No |
| 7 | ထန်းဇင် / Htan Zin | ၃၀ နိုဝင်ဘာ ၂၀၂၂ | 22.012840, 95.119049 | Yes | Yes |
| 8 | ဆားထုံး / Sar Htone | ၁ ဒီဇင်ဘာ ၂၀၂၂ | 21.991840, 95.116371 | Yes | Yes |

| | | | | | |
|---|---|---|---|---|---|
| 9 | လက်ပံကျွန်းကြီး / Let Pan Kyun Gyi | ၁ ဒီဇင်ဘာ ၂၀၂၂ | 21.983289, 95.11466 | Yes | Yes |
| 10 | တောကျောင်း (တောင်) / Taw Kyaung (South) | ၂ ဒီဇင်ဘာ ၂၀၂၂ | 21.975910, 95.116073 | Yes | Yes |
| 11 | တောကျောင်း (မြောက်)/ Taw Kyaung (North) | ၂ ဒီဇင်ဘာ ၂၀၂၂ | 21.978780, 95.11576 | Yes | Yes |
| 12 | ဘင်္ဂါး/ Bin Gar | ၆ ဇန်နဝါရီ ၂၀၂၃ | 22.020299, 95.111297 | No | Yes |
| 13 | ဖောင်းကတာ (တောင်) / Hpaung Ka Tar (South) | ၆ ဇန်နဝါရီ ၂၀၂၃ | 22.025199, 95.107566 | Yes | Yes |
| 14 | ဖောင်းတကာ (မြောက်) / Hpaung Ka Tar (North) | ၆ ဇန်နဝါရီ ၂၀၂၃ | 22.030239,95.109291 | Yes | Yes |
| 15 | ကျောက်ဖြူတိုင် / Kyauk Hpyu Taing | ၆ ဇန်နဝါရီ ၂၀၂၃ | 22.040790, 95.097122 | Yes | Yes |
| 16 | ကိုင်း / Kaing | ၈ ဇန်နဝါရီ ၂၀၂၃ | 22.032590, 95.048843 | No | Yes |
| 17 | သာယာကုန်း/ Thar Yar Kone | ၈ ဇန်နဝါရီ ၂၀၂၃ | 22.107700, 95.090202 | No | No |
| 18 | မိုးကြိုးပြင် (တောင်) / Moe Gyoe Pyin (South) | ၁၂ ဇန်နဝါရီ ၂၀၂၃ | 22.056739, 95.054626 | Yes | No |
| 19 | တုံရွာသစ်/ Ton Ywar Thit/ | ၁၂ ဇန်နဝါရီ ၂၀၂၃ | 22.052240, 95.127662 | No | No |
| 20 | မိုးကြိုးပြင် (အလယ်) / Moe Gyoe Pyin (Middle) | ၁၃ ဇန်နဝါရီ ၂၀၂၃ | 22.05936, 95.055198 | Yes | No |
| 21 | ဆည်တဲ - ဇီးတော/ Se Te - Zee Taw | ၁၃ ဇန်နဝါရီ ၂၀၂၃ | 22.046720, 95.090133 | Yes | Yes |
| 22 | ဝဲကွဲ / Wea Kwe | ၁၇ မတ် ၂၀၂၃ | 22.037599, 95.137138 | Yes | No |

| | | | | | |
|---|---|---|---|---|---|
| 23 | ညောင်ပင်ကြီး/ Nyaung Pin Gyi | ၁၀ ဇွန် ၂၀၂၃ | 22.098510, 95.120437 | Yes | Yes |
| 24 | ရွာရှည်/ Ywar Shey | ၁၇ ဇွန် ၂၀၂၃ | 22.096109, 95.109176 | No | No |
| 25 | အောင်ချမ်းစီ/ Aung Chan Si | ၂၅ ဇွန် ၂၀၂၃ | 22.100099, 95.104690 | No | No |
| 26 | ထန်းတောကြီး/ Htan Taw Gyi/ | ၂၅ ဇွန် ၂၀၂၃ | 22.109359, 95.107986 | No | No |

## ၃.၂။ မီးလောင်သွားသည့် ကျေးရွာတည်နေရာ

### လက်ပံတောင်းတောင် ဒေသအနီးရှိ မီးရှို့ခံရသည့် ရွာများ




*Red - HIGHEST CONFIDENCE Fire claims with geolocated and chronolocated open source footage using satellite imagery or FIRMS. Orange - HIGH-MEDIUM CONFIDENCE Fire claims with geolocated open source footage only. Yellow - MEDIUM-LOW CONFIDENCE Fire claims verified using FIRMS. Black - UNCONFIRMED CLAIMS Yet to be verified.*

Map: Myanmar Witness Oakar Fellowship • Created with Datawrapper

ပုံ ၄။ မီးရှို့ခံရသည့် ကျေးရွာများကို အတည်ပြုထားခြင်း

## ၃.၃။ ဖြစ်စဉ်အချိန်ပြဇယား



## ၄။ သုတေသနနည်းနာ

Myanmar Witnessသည် ဒီဂျစ်တယ် အထောက်အထား ထိန်းသိမ်းစောင့်ရှောက်မှုနည်းနှင့်၊ တိကျခိုင်မာပြီး မည်သူမဆိုဆောင်ရွက်နိုင်သော ခွဲခြမ်းစိတ်ဖြာ သုံးသပ်နည်းစနစ်တို့ကို လိုက်နာထားသည်။ ဒီဂျစ်တယ် သက်သေအထောက်အထားအား ကောက်ယူစုဆောင်ပြီး၊ ၎င်းအထောက်အထားများသည် စစ်မှန်ကြောင်းနှင့် မည်သူတဦးတယောက်မှ မလိုလားသော ပြုပြင်ခြင်းများမရှိစေရန် လုံခြုံသည့် database တွင် hashing စနစ်ဖြင့် သိုလှောင်သိမ်းဆည်းထားသည်။

Myanmar Witness မှ Google Earth, Who posted what?, Google Advanced Search, NASA's FIRMS, Copernicus Sentinel-2 ကဲ့သို့သော Open-sources tools များကိုအသုံးပြုပြီး ဗီဒီယိုများ၊ ဓါတ်ပုံများနှင့် အခြားရုပ်သံများကို ဂြိုလ်တုဓါတ်ပုံများနှင့် တိုက်ဆိုင်စစ်ဆေးပြီး အတည်ပြုရန် ကြိုးစားခဲ့သည်။ ထုတ်ဝေခဲ့သော အစီရင်ခံစာများတွင်လည်း စနစ်တကျ အပြန်အလှန်စစ်ဆေးခြင်းများပြုလုပ်ပြီး ပညာရှင်များ၏သုံးသပ်ချက်များရယူပြီးမှသာ အထောက်အထားများကို စီစစ်အတည်ပြုပြီး ဖော်ပြပါသည်။

Myanmar Witness မှ တည်နေရာတခုပေါ်တွင် မူတည်ပြီး နည်းစနစ်အမျိုးမျိုးဖြင့် ဖြစ်ရပ်ဖြစ်ပွားခဲ့သည့် နေ့ရက်နှင့် အချိန်ကို တွက်ချက်အတည်ပြုသည့် တည်နေရာလိုက် အချိန်တွက်ချက်ခြင်းနည်း လမ်း (chronolocation)ကိုလည်းအသုံးပြုထားသည်။ သက်ဆိုင်ရာ UGC များကို အင်တာနက်ပေါ်သို့ တင်ထားသည့် အချိန်နှင့် နေ့စွဲများပေါ်မူတည်၍ ဖြစ်ရပ်ဖြစ်ပွားခဲ့သည့် ဖြစ်နိုင်ခြေနေ့ရက်နှင့် အချိန်ကို ဘောင်ခတ်နိုင်သည်။ ထို့နောက် ပတ်ဝန်းကျင်ရှိမြင်တွေ့ ရသော ရာသီဥတုအခြေအနေ၊ အရိပ် အစရှိသည့် ပတ်ဝန်းကျင်မှအကြောင်းအရာတို့နှင့် နှိုင်းယှဉ်ကာ ပိုမိုတိကျသည့်အချိန်ရနိုင်သည်။ တည်နေရာအတည်ပြုပြီးပါက အရိပ်လားရာ လမ်းကြောင်းကို အသုံးပြု၍ အဆိုပါနေရာ၊ အဆိုပါနေ့ရက်၌ ဓါတ်ပုံရိုက်ကင်မရာရှိနေသည့် နေရာတို့ကို တွက်ချက်ရယူခြင်းအားဖြင့် ဓာတ်ပုံရိုက်ယူခဲ့သည့် အချိန်ကိုရရှိသည်။ အချိန်အတည် ပြုချက်သည် အချိန်မိနစ်ပိုင်းထိ တိကျမှုရှိရန်ခဲယဉ်းသော်လည်း Myanmar Witness အနေဖြင့် မှားယွင်းမှုမရှိအောင် ရှောင်ရှားပြီး တိကျမှုအရှိနိုင်ဆုံး စိစစ်တင်ပြထားသည်။

မျက်မြင်သက်သေ၏ ထွက်ဆိုချက်များ၊ သို့မဟုတ် ပြင်ပအစီရင်ခံများ အသုံးပြုထားပါက ယင်းသို့သောအချက်အလက်များသည် Myanmar Witness မှ သီးသန့်လွတ်လပ်စွာ အတည်ပြုထားခြင်း မရှိကြောင်းကို အစီရင်ခံစာများ၌ ပွင့်လင်းစွာ ဖော်ပြထားမည်ဖြစ်သည်။

စီလျော်အပ်စပ်မှု ရှိသည့် နောက်ခံအကြောင်းအရာတခုသည် စုံစမ်းစစ်ဆေးနေသည့် ဖြစ်ရပ်အား ပိုမိုပြည့်စုံစွာ နားလည်စေမည်ဆိုပါက အတည်မပြုရသေးသော အဆိုများအားလည်း အတည်မပြုထားကြောင်း ပွင့်လင်းစွာဖော်ပြကာ Myanmar Witness အစီရင်ခံစာများ၌ ထည့်သွင်းအသုံးပြုမည် ဖြစ်သည်။

Myanmar Witness သည် ကျင့်ဝတ်ဆိုင်ရာစံနှုန်းများနှင့်အညီ၊ ပါဝင်ပတ်သက်နေသည့် ပုဂ္ဂိုလ်များ၏ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်သိရှိစေနိုင်မည့် အချက်အလက်များကို ဖုံးကွယ်ပေးခြင်း၊ ပုဂ္ဂိုလ်ရေးရာ အချက်အလက်များကို ဖြတ်တောက်သိမ်းဆည်းထားသည်။ လူပုဂ္ဂိုလ်နှင့် သက်ဆိုင်သည့် အချက်အလက်များနှင့် ဓာတ်ပုံများကို သင့်လျော်သလို ဆင်ဆာဖြတ်တောက်ခြင်း၊ ဖယ်ရှားခြင်းပြုလုပ်ပြီး ယင်းအချက်အလက်များအား လုံခြုံစွာထားသိုသိမ်းဆည်း ပေးထားသည်။ Myanmar Witness ၏ အစီရင်ခံစာများတွင် စိတ်မချမ်းမြေ့ဖွယ်ရာ မြင်ကွင်းများကိုလည်း သင့်လျော်သလို ဆင်ဆာဖြတ်ခြင်း၊ ချန်ထားခဲ့ခြင်းများ ပြုလုပ်သည်။

## ၄.၁။ ကန့်သတ်ချက်များ

Myanmar Witness မှ ရရှိထားသည့် သတင်းအချက်အလက်များသည် လက်ရှိ ပဋိပက္ခဖြစ်ပွားဆဲနေရာ ဒေသမှ အရင်းခံလာခြင်းဖြစ်သည်။ ထို့ကြောင့် အချက်အလက်များရယူရာတွင် ကျူးလွန်သူဘက်မှ ပြန်လည်လက်စားချေတုံ့ပြန်နိုင်မှုကြောင့်သော်လည်းကောင်း၊ တရားဝင် ရင်းမြစ်များထံမှ သတင်းအချက်အလက်များ မရရှိနိုင်ခြင်းကြောင့်သော်ကောင်း၊ အင်တာနက်ပြတ်တောက်မှုများကြောင့်သော်လည်းကောင်း အခက်အခဲများကြုံတွေ့ရသည်။ ဤကဲ့သို့သော ကန့်သတ်ချက်များကြောင့် သုတေသနလေ့လာမှု ပြုလုပ်ရာတွင် သတင်းအချက်အလက် စုဆောင်းရာ၌ အကြောင်းအရာအားလုံးကို ကိုယ်စားမပြုသည့် သတင်းအချက်အလက် ရှားပါးမှု (selection bias) ကို ရှောင်လွှဲ၍ မရပါ။ ဤသို့ သတင်းအချက်အလက်ရှားပါးမှုကြောင့် လေ့လာမှုတစ်ခုလုံးကို ကိုယ်စားမပြုသည့် အချက်အလက်များ ရွေးချယ်ရမှုကို အတတ်နိုင်ဆုံး လျော့ချရန်နှင့် ရင်းမြစ်မျိုးစုံမှ ဘက်မလိုက်ဘဲ အချက်အလက်အများဆုံး ရရှိရန်အတွက် Myanmar Witness မှ ကြိုးစားခဲ့သည်။

ထိုသို့လျော့ချရန်အတွက်

- ဆီလျော်သည့် ဘာသာစကား အမျိုးမျိုးကိုအခြေခံပြီး အကြောင်းအရာတခုကို ဗဟိုပြု၍ရှာဖွေခြင်း (focused search)၊
- ဖြစ်ရပ်နှင့် ဆက်စပ်သည်များကို အကျယ်တပြန့် ရှာဖွေခြင်း (broad search) များအား အများရယူနိုင်သော ရင်းမြစ် (open source) များတွင် ရှာဖွေခြင်းများ ဆောင်ရွက်ခဲ့သည်။

ရှာဖွေမှုများတွင် လူမှုကွန်ယက်စာမျက်နှာများ၊ စစ်ကောင်စီထောက်ခံသည့် သတင်းမီဒီယာများ၊ လွတ်လပ်သော သတင်းမီဒီယာများနှင့် စစ်ကောင်စီကိုဆန့်ကျင်သည့် မီဒီယာအမျိုးမျိုး ဖော်ပြချက်များကိုလည်း ရှာဖွေထားသည်။

---

## ၅။ စုံစမ်းစစ်ဆေးခြင်း အဆင့်များ

ကျေးရွာများ အနီးဝန်းကျင်၌သော်လည်းကောင်း၊ ကျေးရွာနယ်မြေအတွင်း၌ သော်လည်းကောင်း၊ စစ်ကောင်စီတပ်ဖွဲ့နှင့် ဒေသခံတော်လှန်ရေးတပ်ဖွဲ့များကြား တိုက်ပွဲများဖြစ်ပွားသည်ကို သတင်းများက ဖော်ပြခဲ့ကြပြီး တိုက်ပွဲများဖြစ်ပွားပြီးနောက် ကျေးရွာအတွင်းနေအိမ်များကို မီးရှို့ခြင်းများ ပြုလုပ်သည်ဟု သတင်းများက ဖော်ပြထားကြသည်။ Myanmar Witness သည် သတင်းဌာနများက ထုတ်ပြန်သောသတင်းများ၌ ပါဝင်သော မီးလောင်သည့် အချက်အလက်များကို OSINT နည်းပညာများဖြင့် တိုက်ဆိုင်စစ်ဆေးကြည့်ရာ တူညီနေသည်ကို တွေ့ရှိရသည်။

လက်ပံတောင်းတောင် အနီးရှိ မိုးကြိုးပြင်(အလယ်)ရွာ မီးရှို့ခံခဲ့ရသည်နှင့်ပတ်သက်ပြီး General Strike Coordination Body (GSCB) မှပြုလုပ်သည့် သတင်းစာရှင်းပွဲတွင် ဖော်ပြခဲ့သည်။ ပုံနှင့်ပတ်သက်၍ အချိန်နှင့် နေ့ရက်ကို အတည်မပြုနိုင်သော်လည်း တည်နေရာအတည်ပြုနိုင်ခဲ့သည်။



ပုံ ၆။ မိုးကြိုးပြင် *(အလယ်)* ရွာ၌ မီးလောင်ပျက်စီးခဲ့သည့် နေအိမ်အချို့အား တွေ့ရပုံ *(ဝဲ)* ကို ဂြိုလ်တုဓာတ်ပုံတွင် မြင်တွေ့ရပုံ *(ယာ) [22.060889, 95.055995]*(ရင်းမြစ် - GSCB နှင့် Airbus via Google Earth)

## ၅.၁။ ဖြစ်စဉ် (၁) ညောင်ပင်ကြီးရွာမီးရှို့ခံရခြင်းနှင့် လေကြောင်းတိုက်ခိုက်ခံရခြင်း

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးကျေးရွာ ရဲစခန်းအား ဒေသခံကာကွယ်ရေး တပ်ဖွဲ့များက တိုက်ခိုက်စဉ်အတွင်း လေကြောင်းတိုက်ခိုက်မှုနှင့် စခန်းသိမ်းပိုက်ပြီးနောက် ညောင်ပင်ကြီးရွာကို စစ်ကောင်စီက မီးရှို့သည်ဟူသော ပြောဆိုချက်များကို Myanmar Witness က စုံစမ်းစစ်ဆေးခဲ့သည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအနီး ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတွင် တည်ရှိသော ညောင်ပင်ကြီးကျေးရွာသည် မြန်မာစစ်တပ်က အာဏာသိမ်းပြီးနောက် စစ်အုပ်ချုပ်ရေး ကြေညာခံထားရသည့် ဆားလင်းကြီးမြို့နယ်အတွင်း၌တည်ရှိပြီး  စစ်ကောင်စီကို ခုခံတော်လှန်မှု အားကောင်းသည့် ပုလဲ၊ မြောင်၊ ယင်းမာပင် စသည့် မြို့နယ်များနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ချင်းတွင်းမြစ် ကမ်းဘေးတွင် တည်ရှိသည့်ရွာဖြစ်သောကြောင့် ဇတ်ဆိပ်ရှိသည့် ကျေးရွာဖြစ်သည့်အတွက် ရေကြောင်းမှတဆင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များ ဝင်ရောက်ခဲ့ဖူးသည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ညောင်ပင်ကြီးရွာရှိ ရဲစခန်းကို ဒေသကာကွယ်ရေး တပ်ဖွဲ့များဘက်က [တိုက်ခိုက်ခဲ့သည်။]() ညောင်ပင်ကြီးကျေးရွာအတွင်း တိုက်ပွဲဖြစ်ပွားနေစဉ် စစ်ကောင်စီမှ MI-35 ရဟတ်ယာဉ်ဖြင့် လေကြောင်းမှတဆင့် ညောင်ပင်ကြီးကျေးရွာကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု Mandalay Free Press (MFP) က ဗီဒီယိုသတင်း ဖော်ပြသည်။

Myanmar Witness မှ ထိုဗီဒီယိုတွင်ပါဝင်သည့် မြေပြင်အနေအထားသည် မုံရွာမြို့မှ လက်ပံတောင်း တောင်သို့မြင်ရသည့် မြေပြင်အနေအထားနှင့်တူညီနေသည်ကိုတွေ့ရသည် (ပုံ-၇)။ ထိုတောင်သည် ညောင်ပင်ကြီးရွာမှ ချင်းတွင်းမြစ်တစ်ဖက်ကမ်းတွင် တည်ရှိသည်။




ပုံ ၇။ ညောင်ပင်ကြီးရွာကို စစ်ကိုင်းတိုင်းဘက်ခြမ်းမှ လေကြောင်းဖြင့် တိုက်ခိုက်ခဲ့ပုံ။
*(ရင်းမြစ် - MFP နှင့် Airbus via Google Earth)*

ရဲစခန်းကို လက်လွှတ်လိုက်ရသည့် စစ်ကောင်စီသည် နောက်တစ်ရက်ညတွင် ညောင်ပင်ကြီးရွာ အပါအဝင် အနီးအနားမှ ကျေးရွာများကို မီးရှို့ဖျက်ဆီးခဲ့သည်။ ဇွန်လ ၁၀ ရက်နေ့ကစပြီး ညောင်ပင်ကြီးကျေးရွာ အပါအဝင် အနီးတဝိုက်မှ ကျေးရွာတွေကို စစ်ကောင်စီတပ်ဖွဲ့ ဝင်များ မီးရှို့ဖျက်ဆီးခဲ့ပြီး ပျက်စီးဆုံးရှုံးမှု များခဲ့သည်။ NASA FIRMS မှ ကျေးရွာ [22.098510, 95.120437] အတွင်း မီးလောင်မှုကို ဇွန်လ ၁၀ ရက်နှင့် ၁၅ ရက်နေ့များတွင် မှတ်တမ်းတင်ထားသည်(ပုံ-၉)။




ပုံ ၈။ ညောင်ပင်ကြီးရွာ ရဲစခန်းအနီးနားက အိမ်များမီးရှို့ခံရသည့် *UGC* ပုံကို *Myanmar Witness* မှ နေရာအတည်ပြုခြင်း။ *[22.098314, 95.121214] (UGC* ရင်းမြစ် - *private)* (ရင်းမြစ်- *Maxar Imagery via Apple Maps)*

ထို့ပြင် ၂၀၂၃ ခုနှစ် ဇွန်လ ၁၇ ရက်နေ့၌ ညောင်ပင်ကြီးရွာ စက်လှေဆိပ်တွင်ရှိသည့် တဲများကို စစ်ကောင်စီတပ်ဖွဲ့က မီးရှို့ခဲ့သည်ဟု [မြေလတ်အသံ - Myaelatt Athan] သတင်းဌာနက ဖော်ပြသည်။ သတင်းတွင် ဖော်ပြထားသော သတင်းဓါတ်ပုံကို ဂြိုလ်တုဓါတ်ပုံများနှင့် တိုက်ဆိုင်စစ်ဆေးကာ မှန်ကန်မှုရှိကြောင်း Myanmar Witness က အတည်ပြုနိုင်ခဲ့သည်(ပုံ-၉ နှင့် ပုံ-၁၀)။





ပုံ ၉။ ညောင်ပင်ကြီး လှေဆိပ်အနီး အဆောက်အအုံများ မီးလောင်နေစဉ်၊ *[22.104253, 95.120876]*
(ရင်းမြစ် -[မြေလတ်အသံ]နှင့် *Airbus via Google Earth)*





ပုံ ၁၀။ ညောင်ပင်ကြီးရွာ *[22.098510, 95.120437]* ပျက်စီးသွားသည့်ဧရိယာကို ၂၀၂၃ ခုနှစ် ဧပြီလ ၂၇ ရက်နှင့် ၂၀၂၄ ခုနှစ် မေလ ၁၁ တို့တွင် ရိုက်ကူးထားသည့် ဂြိုလ်တုဓါတ်ပုံများတွင် မြင်ရပုံ *(ရင်းမြစ် - Airbus via Google Earth)*


အာဏာသိမ်းပြီးနောက် ကျေးရွာများကို မီးရှို့မှု ကျူးလွန်နေသည်မှာ စစ်ကောင်စီဖြစ်သည့်အတွက် ဤဖြစ်ရပ်အတွက် ဖြစ်နိုင်ချေအရှိဆုံး ကျူးလွန်သူများ စစ်ကောင်စီဖြစ်နိုင်ကြောင်း သုံးသပ်ပါသည်။

UGC များနှင့် သတင်းဌာနများ၏ ရေးသားဖော်ပြချက်များအရ ၂၀၂၃ ခုနှစ် ဇွန်လ ၁၀ ရက်နေ့ မီးရှို့မှုပြီးနောက် တစ်လနီးပါး မီးရှို့ခံခဲ့ရသည်ဟု ဖော်ပြသည်။ အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ FIRMS နှင့် Copernicus Sentinel -2 ၏ဂြိုလ်တုဓါတ်ပုံဖြင့်လည်း အတည်ပြုနိုင် ပါခဲ့သည် (ပုံ-၁၂)။




ပုံ ၁၁။ ၂၀၂၄ ခုနှစ်နှင့် နိုဝင်ဘာလ ၅ ရက်နေ့တွင် ရိုက်ကူးသည့် ဂြိုလ်တုဓါတ်ပုံတွင် ပျက်စီးနေသည့် အဆောက်အအုံများကို တွေ့ရသည်။ ယခင်ဂြိုလ်တုဓါတ်ပုံအဟောင်းနှင့် ပျက်စီးနေသည့်အိမ်များကို တိုက်ဆိုင်စစ်ဆေး ကြည့်ရာတွင် အနည်းဆုံး အဆောက်အအုံ ၁၈၁ ခုပျက်စီးနေသည့်ဟု အတည်ပြုနိုင်သည်။ *(*ရင်းမြစ် *- Airbus via Google Earth)*




ပုံ ၁၂။ ပျက်စီးသွားသည့် ညောင်ပင်ကြီးရွာအား ၂၀၂၃ ခုနှစ် မေလ ၃၀ ရက်နေ့နှင့် ဇူလိုင်လ ၁၉ ရက်နေ့များတွင် *Sentinal-2 L2A* မှ ရိုက်ကူးထားသော နှိုင်းယှဉ်နိုင်သည့် ဂြိုလ်တုဓာတ်ပုံ *[22.098510, 95.120437]* (ရင်းမြစ် - *Copernicus Sentinel-2)*

ညောင်ပင်ကြီးရွာက မီးရှို့ခံရမှုကြောင့် အိမ်ခြေ ၂၀၀ ကျော် မီးလောင်ခဲ့သည်ဟု Mizzima သတင်းဌာနက ဖော်ပြသည်။ မီးရှို့ခံရသည့် အိမ်ခြေအရေအတွက်ကို Google Earth Pro မှတစ်ဆင့် တိုက်ဆိုင်စစ်ဆေး အတည်ပြုရေတွက်ခဲ့ရာ အိမ်ခြေအနည်းဆုံး ၁၈၁ ခု မီးလောင်ပျက်စီးခဲ့သည်ကို အတည်ပြုနိုင်ခဲ့သည် (ပုံ-၁၁)။

Myanmar Witness အနေဖြင့် ညောင်ပင်ကြီးရွာ မီးလောင်မှုနှင့်ပတ်သက်ပြီး ဖြစ်နိုင်ချေအရှိဆုံး ကျူးလွန်သူမှာ စစ်ကောင်စီဖြစ်နိုင်ကြောင်း ကောက်ချက်ချပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် လေယာဉ်အသုံးပြုပြီး တိုက်ခိုက်နိုင်သည်မှာ စစ်ကောင်စီသာရှိသည့်အတွက် ညောင်ပင်ကြီးရွာ လေကြောင်းတိုက်ခိုက်ခံရမှုအတွက် ကျူးလွန်သူမှာ စစ်ကောင်စီဖြစ်နိုင်သည်ဟု ကောက်ချက်ချ ပါသည်။

## ၅.၂။ ဖြစ်စဉ် (၂) မြန်မာဝမ်ပေါင်ကုမ္ပဏီ အနီးအနားတွင် အဆောက်အအုံ အသစ်များပေါ်လာခြင်း

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် ဝန်ထမ်းများ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့်အတွက် ဝန်ထမ်း ၇၀၀၀ ကျော်ဖြင့် လည်ပတ်နေသည့် ကြေးနီစီမံကိန်းများ ရပ်တန့်ခဲ့ သည်။

သို့သော်လည်း အမေရိကန်နိုင်ငံက ပိတ်ဆို့အရေးယူခံရသည်အထိ စစ်ကောင်စီကို ထောက်ပံ့ခဲ့သည့် ဝမ်ပေါင်သတ္တုကုမ္ပဏီသည် စစ်ကောင်စီတပ်ဖွဲ့ဝင်များကို ကုမ္ပဏီဝန်းအတွင်း ဖြတ်သန်းသွားလာ ခွင့်ပြုထားသည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ လက်ပံတောင်းတောင် အနီးအနားက ကျေးရွာတွေကို စီးနင်းမီးရှို့ခြင်းနှင့် လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း ပြုလုပ်ခဲ့သည့်ဟု မီဒီယာများနှင့် UGC များက တင်ပြကြသည် (ပုံ-၁၄)။ ထို့အပြင် အများပြည်သူအသုံးပြုသည့် လမ်းများကို ပိတ်ဆို့စစ်ဆေး ခြင်းတို့ကို ပြုလုပ်နေသည်ဟု သတင်းဌာနများနှင့် UGC များအရ သိရသည်(ပုံ-၁၃)။



ပုံ ၁၃။ ညောင်ပင်ကြီး-ယင်းမာပင်လမ်း၊မုံရွာ-ပုသိမ်လမ်း ၅/၁ လမ်းဆုံမြန်မာဝမ်ပေါင် ကုမ္ပဏီရှေ့တွင် တွေ့ရသော အတားအဆီးများ။ *(ရင်းမြစ်- [GSCB](GSCB))*



ပုံ ၁၄။ အင်ကြင်းတောင်အနီး ဝမ်ပေါင်ကုမ္ပဏီအတွင်းမှ ဖြတ်သန်းသွားလာနေသော စစ်ကြောင်းသည် ကျေးရွာများဘက်သို့ သွားလာလှုပ်ရှားနေသော စစ်သားများ (ရင်းမြစ် - GSCB)

ထို့ပြင် စစ်ကောင်စီတပ်ဖွဲ့ဝင်များကို ကုမ္ပဏီဝန်းအတွင်း အခြေချနေထိုင်စေပြီး ထိုသို့ နေထိုင်ခွင့်ရထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ကျေးရွာများကို စီးနင်းမီးရှို့ခြင်းများ ပြုလုပ်နေသည်ဟု သတင်းဌာနများနှင့် UGC များအရ သိရသည်။ Irrawaddy Burmese သတင်းဌာနတွင် ဖော်ပြချက်အရ စီမံကိန်းဧရိယာအတွင်း တပ်မ ၇၇ နှင့် ၃၃ လက်အောက်ခံတပ်သား ၁၀၀ နီးပါးကိုပို့ထားသည်ဟု ဖော်ပြထားသည်။ စီမံကိန်းအနီးအနားတွင် မြေမြှုပ်မိုင်းများ ထောင်ထားပြီး မိုင်း ၇၈လုံးကို မြောက်ယမားပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏ တပ်ခွဲ Myanmar ချေဝွေဗားရားအဖွဲ့မှ ရဲဘော်တွေ ရှင်းလင်းသိမ်းဆည်းခဲ့သည်ဟု Khit Thit Mediaတွင် ဖော်ပြသည်။

ထို့ပြင် ဝမ်ပေါင်ကုမ္ပဏီအနေဖြင့် စစ်ကောင်စီနှင့် မပူးပေါင်းရန် ဆားလင်းကြီးမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က ဩဂုတ်လ ၁၀ ရက်နေ့တွင် ထုတ်ပြန်သည်။ မြန်မာဝမ်ပေါင် ကုမ္ပဏီဝန်းအတွင်း တပ်စွဲထားသည့် စစ်ကောင်စီတပ်၏ မီးရှို့မှုတွေကြောင့် ကျေးရွာပေါင်း ၁၃ ရွာမှအိမ်ခြေ ၄၄၄ ခုပျက်စီးပြီး အရပ်သား ၁၇ ဦးလည်း သတ်ဖြတ်ခံထားရသည်ဟု ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Myanmar Witness သည် Google Earth Pro အသုံးပြု၍ ဂြိုလ်တုဓာတ်ပုံများအရ အာဏာသိမ်းပြီးနောက် ဝမ်ပေါင်ကုမ္ပဏီဝန်းအတွင်းနှင့် အနီးတဝိုက်တွင် ကင်းစခန်းခဲ့သို့သော အဆောက်အအုံများ ပေါ်ပေါက်လာသည်ကို အတည်ပြုနိုင်ခဲ့သည် (ပုံ-၁၅၊ ၁၆ နှင့် ၁၇)။




ပုံ ၁၅။ စီမံကိန်းဧရိယာအတွင်း ၂၀၂၀ ခုနှစ် ဇူလိုင်လ ၂၅ ရက်နှင့် ၂၀၂၃ ခုနှစ် မေလ ၈ ရက်တို့တွင် ရိုက်ကူးထားသည့် မြေပြင်အနေအထား ပြောင်းလဲမှုများကြောင့် တည်ဆောက်ပြုပြင်မှုများ ပြုလုပ်နေသည်ကို သိရသည်။

မြန်မာဝမ်ပေါင်ကုမ္ပဏီမှ အာဏာသိမ်းမှု ဖြစ်စဉ်နောက်ပိုင်း စီမံကိန်းဧရိယာအတွင်း လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေသည်ဟု ယူဆရသည်။

(ရင်းမြစ် - *Maxar Technologies via Google Earth and Airbus via Google Earth)*




ပုံ ၁၆။ ၂၀၂၀ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့နှင့် ၂၀၂၄ ခုနှစ် မေလ ၁၁ ရက်နေ့များတွင် ရိုက်ကူးထားသည့် ဂြိုလ်တုဓါတ်ပုံများကို နှိုင်းယှဉ်ကြည့်ရာတွင် စီမံကိန်း ဧရိယာအတွင်း၌ အဆောက်အဦးများ ပေါ်ထွက်လာသည်ကို တွေ့ရသည်။

*[22.091765, 95.103592]* (ရင်းမြစ်- *Maxar Technologies via Google Earth and Airbus via Google Earth)*




ပုံ ၁၇။ ၂၀၂၀ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့နှင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့များတွင် ရိုက်ကူးထားသည့် ဂြိုလ်တုဓါတ်ပုံများကို နှိုင်းယှဉ်ကြည့်ရာတွင် စီမံကိန်း ဧရိယာအတွင်း၌ အဆောက်အဦးများ ပေါ်ထွက်လာသည်ကို တွေ့ရသည်။ *[22.094305, 95.081427]* (ရင်းမြစ်- *Maxar Technologies via Google Earth and Airbus via Google Earth)*

စစ်တပ်အာဏာသိမ်းပြီး အုပ်ချုပ်နေစဉ်တွင် စီမံကိန်းဧရိယာအတွင်း၌ စစ်ကင်းစခန်းများနှင့် ဆင်တူသည့်အဆောက်အဦးများပေါ်ထွက်လာခြင်းကြောင့် SAC တပ်များနှင့် မြန်မာဝမ်ပေါင်သတ္တုတူးဖော်ရေး ကုမ္ပဏီတို့ကြား ပူးပေါင်းဆောင်ရွက်မှုများ ရှိနေသည်ဟု ယူဆနိုင်သည်။

## ၅.၃။ ဖြစ်စဉ် (၃) ဝက်မှေး - ကန်တောရွာကို ဖိအားပေး ဖယ်ရှားခြင်း

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကြောင့် လူနေအိမ်များ ဖယ်ရှားခံရမှုသည် နေ့ချင်းညချင်း ပေါ်ပေါက်လာသည့် ကိစ္စရပ်မဟုတ်ပေ။ ၂၀၁၀ ခုနှစ် သတ္တုတူးဖော်ရေး စတင်ချိန်ကတည်းက ဒေသခံများကို အစဉ်မ ဖိအားပေး ဖယ်ရှားသည့် ဖြစ်စဉ်ရှိခဲ့သည်။ ထို့ပြင် လယ်ယာဧက ၂၀၀၀ နှင့် ရွာလေးရွာမှ အိမ်ပေါင်း ၁၄၁-လုံးကို ရယူသိမ်းပိုက်ရန် ၂၀၁၆ ခုနှစ်တွင် ဝမ်ပေါင်ကုမ္ပဏီဘက်က ကြေညာခဲ့သော်လည်း သိမ်းယူမည့်အချိန်ကို အသေးစိတ် မဖော်ပြခဲ့ပေ။

ယခင်ကတည်းက ထပ်မံတိုးချဲ့မည့် စီမံကိန်းဧရိယာကြောင့် ဝက်မှေး-ကန်တောနှင့် ဆည်တဲ-ဇီးတော စသည့်ကျေးရွာများ ပါဝင်နေသည်။ အဆိုပါရွာ နှစ်ရွာသည်  ကြေးနီစီမံကိန်းနှင့် ကပ်လျက်ရွာများ ဖြစ်ပြီး ဝက်မှေး-ကန်တောရွာသည် စီမံကိန်း၏ အရှေ့ဘက်တွင် တည်ရှိပြီး ဆည်တဲ-ဇီးတောရွာသည် စီမံကိန်း၏ တောင်ဘက်ခြမ်းတွင် တည်ရှိသည်။ ဒုက္ခတောင်တန်း အစီရင်ခံစာအရ ကျေးရွာ (၄)ရွာဟု ဆိုသော်လည်း Myanmar Information Management Unit (MIMU) အရ ဝက်မှေး - ကန်တောသည် တစ်ရွာ၊ဆည်တဲ - ဇီးတောသည် တစ်ရွာ ဖြစ်သည်(ပုံ-၁၈)။




*လက်ပံတောင်းကြေးနီသတ္တုတွင်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က တွေ့ရစဉ်။ အဝါရောင်မျဉ်းများက သတ္တုမိုင်း၏ ဧရိယာကို ပြနေပြီး လိမ္မော်ရောင် အကွက်များက (ESIA တွင်ဖော်ပြထားသည့် အချက်အလက်များအရ) သတ္တုမိုင်းကို တိုးချဲ့မည့်ဧရိယာကို ပြနေပါသည်။ ဤဓာတ်ပုံရိုက်ကူးချိန်တွင် သတ္တုမိုင်း၏ ဧရိယာမှာ ၂၀ စတုရန်းမိုင်ခန့်ရှိပြီး နောက်ထပ် ၉ စတုရန်းမိုင်ခန့် တိုးချဲ့မည်ဖြစ်သည်။ ယင်းသို့တိုးချဲ့ရာတွင် တိုးချဲ့မည့် ဧရိယာအတွင်းရှိ ရွာပေါင်းလေးရွာ ဖယ်ရှားပေးရမည် ဖြစ်သည်။*

ပုံ ၁၈ ။ သတ္တုမိုင်းဧရိယာ တိုးချဲ့မည့် အခြေအနေနှင့်ပတ်သက်ပြီး ဒုက္ခတောင်တန်း အစီရင်ခံစာ၌ ဖော်ပြထားသည့်ပုံ

ထို့ပြင် အာဏာသိမ်းပြီးနောက်တွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတိုးချဲ့ လုပ်ကိုင်ရန် အတွက် ဝမ်ပေါင်ကုမ္ပဏီကို လက်ပံတောင်းပတ်ဝန်းကျင်ရှိ တောင် ၃၃ လုံးပါဝင်သည့် မြေဧက တစ်သန်းတွင် ကြေးနီထပ်မံ စမ်းသပ်ခွင့်ကို လုပ်ပိုင်ခွင့်ပြုလိုက်ကြောင်း Myanmar Mining Watch Network website တွင်ဖော်ပြထားသည်။

ဒုက္ခတောင်တန်း အစီရင်ခံစာအရ ဝမ်ပေါင်ကုမ္ပဏီမှပေးသည့် လျော်ကြေးငွေကို လက်ခံသူများ ရှိသလို လက်မခံသူများလည်း ရှိနေသည်။ ထို့ပြင် ၁၈၉၄ ခုနှစ် မြေသိမ်းဥပဒေအရ လယ်ယာမြေ တစ်ဧကလျှင် မြေခွန်ငွေ ၂၀ ဆနှုန်းဖြင့်သာ မြေလျော်ကြေးပေးထားခြင်းဖြစ်သည်ဟု လက်ပံတောင်းတောင် ကြေးနီစီ မံကိန်း ဆက်လုပ်သင့်၊မသင့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

တစ်ဧကလျှင် ၂၅ ပြားမှ ၁ ကျပ် ၂၅ ပြားအထိ မြေခွန်ကောက်ခံသည့် ယာမြေများအတွက် မြေလျော် ကြေးကို ၅ ကျပ်မှ ၂၅ ကျပ်ခန့်ဖြင့်လည်း ကောင်း၊ ၁ ဧကလျင် ၁ ကျပ်မှ ၂ ကျပ် ၂၅ ပြားအထိ ကောက်ခံသော လယ်မြေများအတွက် မြေလျော် ကြေးကို ၂၀ ကျပ်မှ ၄၅ ကျပ်ခန့်ဖြင့်လည်းကောင်း ပေးအပ်ထားသည်ဟု ဆိုသည်။ အစီရင်ခံစာထွက်ပြီးနောက် ၂၀၁၃ ခုနှစ်မှတွင် တစ်ဧကကို ၁၈ သိန်းနှုန်းနှင့် မြေယာလျော်ကြေးပေးရန် သတ်မှတ်ထုတ်ပြန်ခဲ့သည်။ ခေတ်မမီတော့သည့် ဥပဒေမှ လျော်ကြေးငွေအစား ကာလပေါက်ဈေးနှင့် ကိုက်ညီသည့် လျော်ကျေးပေးရန်အတွက် တိုးမြင့်သတ်မှတ်ပေးခြင်းဖြစ်သည်။ သို့သော် ၎င်းတို့၏မျှော်မှန်းသော လျော်ကြေးငွေ သို့မဟုတ် ၎င်းတို့သတ်မှတ်သည့် ဈေးကွက်ပေါက်ဈေးနှင့် မကိုက်ညီသောကြောင့် ဒေသခံအချို့မှ လျော်ကြေးငွေကို လက်ခံရန်ငြင်းဆန်ခဲ့သည်။

သို့ရာတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းမှုနှင့်အတူ အဓမ္မမြေ သိမ်းမှုသည် လက်ပံ တောင်းတောင် ဒေသခံများထံ တစ်ဖန်ကျရောက်ခဲ့ပြန်သည်။ ညှိနှိုင်းအကြောင်းကြားမှု တစ်စုံတစ်ရာ မရှိဘဲ လက်နက်ပြပြီး နေအိမ်များနှင့် ယာမြေများကို ခြံစည်းရိုးခတ်ခြင်းကြောင့် ဒေသခံရွာသားများ ပြောင်းရွှေ့ခဲ့ ရသည်။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ ကစပြီး ဝက်မွေး-ကန်တောရွာကို စစ်ကောင်စီဘက်က အင်အားသုံးပြီး ခြံစည်းရိုးခတ်လိုက်သည့်အတွက် ကျေးရွာအတွင်း နေထိုင်သူများ မဖြစ်မနေ ပြောင်းရွှေ့ခဲ့ကြရသည်။ ထိုသို့ ခြံစည်းရိုးခတ်ရာတွင် ဝက်မွေး-ကန်တောရွာနှင့် စိုက်ပျိုးမြေ ဧက(၇၀)ခန့်ကို သိမ်းပိုက်လိုက်ခြင်းဖြစ်သည် ဟု Mandalay Free Press - MFP သတင်းဌာနတွင် ဖော်ပြထားသည်။


Myanmar Witness အနေဖြင့် စစ်ကောင်စီတပ်နှင့် ဝမ်ပေါင်သတ္တုတွင်းတို့ ပူးပေါင်းပြီး ခြံစည်းရိုးခတ် လိုက်သည်ကို Copernicus Sentinel-2 ဂြိုလ်တုဓာတ်ပုံများမှတစ်ဆင့် အတည်ပြု နိုင်ခဲ့ပါသည်(ပုံ-၁၉)။ ခြံစည်းရိုးမခတ်ခင် ၂ ပတ်အလို ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၉ ရက်နေ့နှင့် ခြံစည်းရိုးခတ်ပြီးနောက် မြင်တွေ့ရသည့် ဂြိုလ်တုဓာတ်ပုံများအရ ဝက်မွေး-ကန်တောရွာကို ခြံစည်းရိုးခတ်ပြီး အဓမ္မ မြေသိမ်းလိုက်သည်မှာ ထင်ရှားသည်။




ပုံ ၁၉ ။ သတ္တုမိုင်းဧရိယာ တိုးချဲ့မှုကြောင့် မြေပြင်အနေအထားပြောင်းလဲမှုများနှင့် အရပ်သားပိုင်မြေများကို ခြံစည်းရိုးခတ်မှုများကို ၂၀၂၃ ခုနှစ် ဇူလိုင်လနှင့် ဒီဇင်ဘာလများတွင် *Sentinel-2 L2A* ဂြိုလ်တုဓါတ်ပုံတွင် မြင်ရသည်။ *(ရင်းမြစ် - Copernicus Sentinel-2)*

ထို့ပြင် ဝက်မေး-ကန်တောရွာကို ခြံစည်းရိုးခတ်လိုက်သည့်ပုံကို Mandalay Free Press - MFP သတင်းဌာနတွင် ဖော်ပြခဲ့ပြီး ခြံစည်းရိုးခတ်လိုက်သည့်နေရာကို Myanmar Witness အနေဖြင့် တည်နေရာ အတည်ပြုနိုင်ခဲ့သည်။ ဓါတ်ပုံနှစ်ပုံတွင် ပါဝင်သည့် အချိန်အမှတ်အသားသည် ဒေသစံတော်ချိန် ၁၃း၄၄ ဟုဖော်ပြထားပြီး

ရိုက်ကူးသည့်အချိန်သည် တမိနစ်တည်းတွင် ရိုက်ကူးထားခြင်းဖြစ်သည်။ ဤ UGC ဓါတ်ပုံ နှစ်ခုကို အသုံးပြုပြီး ခြံစည်းရိုးခတ်သည့်နေရာကို အတည်ပြုနိုင်ခဲ့သည်(ပုံ-၂၀)။



ပုံ ၂၀။ လက်ပံတောင်းတောင် စီမံကိန်း ဧရိယာတိုးချဲ့ရန်အတွက် ခြံစည်းရိုးခတ်သည်ဟု ဖော်ပြထားသည့် *MFP* မှ မျှဝေထားသည့် *UGC* ဓါတ်ပုံများကို အသုံးပြုပြီး *Myanmar Witness* မှ နေရာကိုအတည်ပြုနိုင်ခဲ့သည်။ *[22.092190, 95.108360]*(ရင်းမြစ် - *Maxar Imagery via Apple Maps)*

ရွှေ့ပြောင်းခိုင်းမှုနှင့် မြေယာလျော်ကြေးကိစ္စရပ်များကြောင့် ဆယ်စုနှစ် တစ်ခုကျော်ကြာ ဆိုင်းငံ့ထားရသည့် မြေသိမ်းမှုသည် စစ်ကောင်စီ၏ အင်အားအကူအညီဖြင့် လျှင်မြန်စွာ အကောင်အထည် ပေါ်သွားခဲ့သည်။


Myanmar Witness **အနေဖြင့် ဝမ်ပေါင်ကုမ္ပဏီဘက်က ခြံစည်းရိုးခတ်လိုက်သည်ကို** Google Earth Pro **၏ ဂြိုလ်တုဓာတ်ပုံများအရ တိုက်ဆိုင်အတည်အပြုနိုင်ခဲ့သည်။ ခြံစည်းရိုးခတ်လိုက်သည့် မြေနေရာကို** Google Earth Polygon **ဖြင့် တိုင်းတာချက်အရ ၃.၄၁** Square Kilometer **ရှိသည်။ တစ်နည်းအားဖြင့် ဧက ၈၄၂.၆ ဧကရှိသည်**(ပုံ-၂၁)။





ပုံ ၂၁။ မြေယာသိမ်းဆည်းပြီး ခြံစည်းရိုးခတ်သည့်အနေအထားများကို ဂြိုလ်တုဓါတ်ပုံများမှ မြင်တွေ့ရပြီး တည်နေရာ၏ အကျယ်အဝန်းကို တွက်ချက်နိုင်သည်။ (ရင်းမြစ်- *Airbus via Google Earth)*

ထို့ပြင် ခြံစည်းရိုးခတ်သိမ်းထားသည့် ဝက်မေး - ကန်တောရွာတွင် စစ်ကောင်စီတပ်များ အထိုင်ချရန် လုပ်ဆောင်နေသည်ဟု ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၂ ရက်နေ့တွင် Ayeyarwaddy Times သတင်းဌာနခွဲ ဖော်ပြထားသည်။ စစ်ကောင်စီတပ် အကူအညီဖြင့် ဝမ်ပေါင်ကုမ္ပဏီက ခတ်လိုက်သည့် ခြံစည်းရိုးဝန်း၏ အရှေ့ဘက်ခြမ်းတွင် ကင်းစခန်းကဲ့သော အဆောက်အအုံများ

ဆောက်လုပ်ထား သည့်နေရာ ငါးခုကို Myanmar Witness က ဂြိုလ်တုဓာတ်ပုံများအရ အတည်ပြုနိုင်သည် (ပုံ-၂၂ နှင့် ၂၃)။ မြန်မာဝမ်ပေါင်ကုမ္ပဏီတိုးချဲ့ပြီး ခြံစည်းရိုးများ တည်ဆောက်ပြီးနောက်ပိုင်းတွင် ဝက်မေ့း-ကန် တောရွာတွင် တဖြည်းဖြည်းခြင်း နေထိုင်သူမရှိတော့ဘဲ ယိုယွင်းပျက်စီးသွားသည်။ Myanmar Witness မှ ထပ်မံ စစ်ဆေးကြည့်ရာတွင် ထိုအဆောက်အအုံများသည် စစ်ကင်းစခန်းများတွင်ရှိသည့် ပုံစံများနှင့် ကိုက်ညီနေသည်ကို တွေ့ရသည် (ပုံ-၂၃)။




ပုံ ၂၂ ။ ဝက်မေ့း-ကန်တောရွာ၌ ခြံစည်းရိုးခတ်ပြီးနောက် မြေသိမ်းခံရသည့် နယ်မြေအတွင်း ကင်းခစန်းကဲ့သို့ အဆောက်အအုံများ ပေါ်ပေါက်လာသည်ကို ၂၀၂၄ ခုနှစ် မေလ ၁၁ ရက်နေ့ ဂြိုလ်တုဓါတ်ပုံများတွင် တွေ့ရသည်။
*(ရင်းမြစ်- Airbus via Google Earth)*




ပုံ ၂၃။ ဂြိုလ်တုဓါတ်ပုံများတွင် စစ်ကင်းစခန်းအငယ်ပုံစံများနှင့် ဆင်တူသည့် လက္ခဏာများကိုတွေ့ရသည်။
*[22.088330, 95.120304]* (ရင်းမြစ်- *Airbus via Google Earth)*

---

## ၆။ နိဂုံးချုပ်

ယခုအစီရင်ခံစာ၌ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနားက ရွာများမီးရှို့ခံရခြင်း၊ ကျေးရွာများကို စီးနင်းခြင်းနှင့် မြေသိမ်းမှုအကြောင်းကို Open Source နည်းပညာများ အသုံးပြုပြီး ဖော်ထုတ် ထားပါသည်။ ဤဖြစ်စဉ်များသည် တရုတ်ကြေးနီစီမံကိန်းကုမ္ပဏီနှင့် စစ်ကောင်စီတို့အကြား ပူးပေါင်း ဆောင်ရွက်မှုများဖြစ်သည်။

မီးရှို့ခံရသည့်ရွာများကို တည်နေရာရှာဖွေပြီး အတည်ပြုမှု ပြုလုပ်နိုင်ရန်အတွက် သတင်းဌာနများနှင့် User Generated Content (UGC) ဖော်ပြချက်များကို ဂြိုလ်တုဓါတ်ပုံများနှင့် တိုက်ဆိုင်စစ်ဆေးမှု များ ပြုလုပ်ခဲ့သည်။ ထို့ပြင်ရရှိလာသော အချက်အလက်များ၊ ဓာတ်ပုံများကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် လေ့လာဆန်းစစ်ခြင်းတို့မှ အထက်ပါဖြစ်ရပ်များကို ကျူးလွန်သည့် တာဝန်ရှိသူတို့ကိုလည်း ဖော်ထုတ်ထားသည်။ စစ်ကောင်စီတပ်နှင့် ဒေသကာကွယ်ရေး တပ်ဖွဲ့များအကြား ဖြစ်ပွားသည့်

တိုက်ပွဲများဖြစ်ပွားပြီးသည့် အချိန်တွင် လေကြောင်းတိုက်ခိုက်မှုနှင့် အရပ်သားများ၏ နေအိမ်များကို မီးရှို့တိုက်ခိုက်မှုများ ပြုလုပ်ကြောင်းကိုလည်း ဤအစီရင်ခံစာက သိသာရှင်းလင်းစေပါသည်။

ထို့ပြင် မြန်မာပြည်ရှိ နိုင်ငံခြားစီးပွားရေးများ ကာကွယ်နိုင်ရန်၊ နိုင်ငံခြားလုံခြုံရေးတပ်များ၊ တနည်းအားဖြင့် တရုတ်လုံခြုံရေးများ ချထားနိုင်သည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေကို စစ်ကောင်စီက ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၈ ရက်နေ့တွင်ပြဌာန်းလိုက်သည်။ အဆိုပါဥပဒေ ပြဌာန်းပြီးနောက် ဝမ်ပေါင်သတ္တုကုမ္ပဏီက တရုတ်လက်နက်ကိုင်တွေ ခန့်ထားလာနိုင်ဖွယ်ရှိနေသည့် အတွက် လက်ပံတောင်းတောင် ဒေသခံများအတွက် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်သည်။

ဝမ်ပေါင်ကုမ္ပဏီအနေဖြင့် ၎င်းတို့ကုမ္ပဏီအတွင်း တရုတ်လက်နက်ကိုင်တပ်ဖွဲ့များ တပ်စွဲအသုံးပြုခြင်းရှိ မရှိနှင့်ပတ်သက်ပြီး ဆက်လက် စောင့်ကြည့်မည်ဖြစ်သည်။ Myanmar Witness သည် နိုင်ငံတစ်ဝှမ်း စစ်ကောင်စီ၏ မီးရှို့မှုများကို စိစစ်အတည်ပြု၊ စုံစမ်းဖော်ထုတ်ထားသည့် အချက်အလက်များကို မြေပုံပြုလုပ်ကာ ထုတ်ပြန်ထားပြီးဖြစ်သလို စစ်ကောင်စီတပ်မှ မီးရှို့မှုများကို လေ့လာစောင့်ကြည့်ခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းများနှင့် အစီရင်ခံစာ ထုတ်ပြန်ခြင်းများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

---

## ၇။ အတိုကောက်အခေါ်အဝေါ်စာရင်း

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ State Administrative Council - SAC
- မြန်မာလေတပ် Myanmar Air Force - MAF
- ပြည်သူ့ကာကွယ်ရေးတပ်မတော် People’s Defence Force - PDF
- အသုံးပြုသူဖန်တီးထားသော အကြောင်းအရာ User Generated Content - UGC
- အရင်းအမြစ်စီမံခန့်ခွဲမှုစနစ်၏ မီးသတင်းအချက်အလက် Fire Information for Resource Management System - FIRMS
- အထွေထွေသပိတ် ပေါင်းစည်းညှိနှိုင်းရေး အင်အားစု General Strike Coordination Body - GSCB
- မြန်မာစစ်တပ်နှင့် စပ်ဆက်မှုရှိသော မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် Union of Myanmar Economic Holdings Limited - UMEHL